# ပြည်တွင်းသောင်းကျန်းမှုနှင့်သာ ရုန်းကန်လာရသော လွတ်လပ်ရေး

တင့်ဆွေ(ဖျာပုံ)






အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ခဲ့သူ ပါတီဥက္ကဋ္ဌကြီး
ဦးနေဝင်း ဗိုလ်ချုပ်ကြီး (အငြိမ်းစား)



၁၉၄၈ ခုနှစ် မှ ၁၉၆၂ ခုနှစ်ထိ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သူ
အစိုးရအဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ် ဦးနု



စစ်ကြိုခေတ် ဒို့ဗမာအစည်းအရုံးခေါင်းဆောင်
သခင်ကိုယ်တော်မှိုင်း



မြန်မာနိုင်ငံနှင့် ဗိုလ်ချုပ်အောင်ဆန်းအပေါ်
စိတ်ကောင်းစေတနာထားသူ "မြန်မာပြည်၏ မောင့်ဘက်တန်"
ဗိုလ်ချုပ်ကြီးလောဒ်လူးဝစ္စ မောင့်ဘက်တန်



ရဲဘော်သုံးကျိပ် နှင့် BIA ကို ပြုစုပျိုးထောင်ပေးခဲ့သော
ဂျပန်တပ်မတော်မှ ကာနယ်စုဇူးကီး (ဗိုလ်မိုးကြိုး)



မြန်မာနိုင်ငံကို ဦးဆောင်ပြီး ပြန်လည်သိမ်းပိုက်ခဲ့သူ
မဟာမိတ်တပ်မှူးကြီး ဖီလ်းမာရှယ်ဆာဝီလျံစလင်း



လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ ပထမ သမ္မတ
စပ်ရွှေသိုက် (ရှမ်းတိုင်းရင်းသား)



ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတတစ်ဦးဖြစ်သူ
မန်းဝင်းမောင် (ကရင်တိုင်းရင်းသား)




မြန်မာနိုင်ငံတော် နန်းရင်းဝန်ဟောင်းနှင့်
ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံသူ ဂဠုန်ဦးစော



ဂျပန်ခေတ် မြန်မာနိုင်ငံတော် အကြီးအကဲ
အဓိပတိ ဒေါက်တာဘမော်



ဂျပန်ခေတ် အဝေးရောက် မြန်မာနိုင်ငံ အစိုးရ (အင်္ဂလိပ်)
နန်းရင်းဝန် ဆာပေါ်ထွန်း



ကွန်မြူနစ်ပါတီ ဗမာပြည်၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ

သခင်စိုး (အလံနီ)



မြန်မာနိုင်ငံ၏ ကွန်မြူနစ်ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ
သခင်သိန်းဖေ (သိန်းဖေမြင့်)



စစ်ကြိုခေတ် ဒို့ဗမာအစည်းအရုံး ခေါင်းဆောင်နှင့်
ရဲဘော် သုံးကျိပ်ဝင် သခင်ထွန်းအုပ်



ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ သခင်သန်းထွန်း



ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဂိုရှယ်



ရဲဘော်သုံးကျိပ်ဝင် BIA , BDA တပ်မတော်ခေါင်းဆောင်
တစ်ဦးဖြစ်သူ ဗိုလ်စကြာ

# စာရေးသူ၏ အမှာစာ

ယခုစာအုပ်သည် ကျွန်တော့် ပဉ္စမမြောက်စာအုပ် ဖြစ်ပါသည်။ ကျွန်တော် ရေးသားခဲ့သော စာအုပ်များမှာ -

(၁) ကျောပိုးအိတ်လေးကို ချီကာကွယ်။ (၂၀၁၀ ပြည့်နှစ် အမျိုးသားစာပေပဒေသာဆုရ စာအုပ်) (၂) မထိကန်သာ ရေကြည်ရှာခဲ့။

(၃) မော်ဝန်းသားဗိုလ်ခင်ညွှန့် (သို့မဟုတ်) အဖေ့သား။ (ယနေ့ထိ မထုတ်ဝေဖြစ်သေး) (၄) ခေတ်အဆက်ဆက် တိုးတက်ကြံဆစက်မှုကဏ္ဍ။

(၅) ယခုရေးသားထုတ်ဝေသည့် "ပြည်တွင်းသောင်းကျန်းမှုဖြင့်သာ ရှန်းကန်လာရသော လွတ်လပ်ရေး" တို့ ဖြစ်ပါသည်။

ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ (ငြိမ်း) (စာရေးဆရာ နောင်စစ်သည်) ၏ ကမကထပြု၍ ကိုယ်ရောစိတ်ပါ အားတက်သရော တိုက်တွန်းမှုကြောင့် ကျောပိုးအိတ်လေးစာအုပ်ကို ရေးသားဖြစ်ခဲ့ပြီး အမျိုးသားစာပေဆုကိုပါ ရရှိခဲ့ရာမှ ကျွန်တော့်တွင် စာရေးဆရာပိုး ဝင်သွားခဲ့ပြီး ဆက်လက်၍ စစ်ရေးအတွေ့အကြုံ စက်မှုကဏ္ဍ အတွေ့အကြုံများ ရေးသားဖြစ်ခဲ့ပါသည်။

စာရေးသူအနေဖြင့် အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ စာအုပ်များ ရေးသားရာတွင် စာပြုအဖွဲ့ ဖွဲ့စည်းပြီး စာရွက်စာတမ်း မှတ်တမ်းမှတ်ရာများ ရှာဖွေစုဆောင်းခြင်း၊ မူကြမ်းရေးသားခြင်း၊ ကျမ်းကိုးစာအုပ်များ၊ လူပုဂ္ဂိုလ်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရပါသည်။ အချို့အမှတ်အသား မှားယွင်းရေးသားခဲ့မှုများကို ထောက်ပြပြုပြင်မှုများကိုလည်း လက်ခံရပါသည်။

ယနေ့ မြန်မာနိုင်ငံတွင် သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သော နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော ပြည်ထောင်စု လွှတ်တော်တို့က ဦးဆောင်ပြီး ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ကြိုးပမ်းလုပ်ဆောင်နေမှုကို မီဒီယာအသီးသီးက ကြည့်ရှုသိရှိရသဖြင့် ဝမ်းသာကြည်နူးမှုများ ဖြစ်ရပါသည်။ ငြိမ်းချမ်းရေး ရရှိပါစေဟုလည်း လှိုက်လှဲစွာ ဆုတောင်းရပါသည်။ စာဖတ်သူများကိုလည်း မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်နှင့် ပြည်တွင်းသောင်းကျန်းမှုများ မည်သည့်အချိန်က မည်သည့်အကြောင်းများကြောင့် မည်ကဲ့သို့ စတင်ဖြစ်ပေါ်လာရသည်ကိုလည်း သိရှိစေချင်သောဆန္ဒ ဖြစ်ပေါ်ခဲ့၍ ယခုစာအုပ်ကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုပြီး ပြည်တွင်းသောင်းကျန်းမှု ဖြစ်ရခြင်း၏ အကြောင်းမှန်ကို မျှေဝသောအမြင်၊ အမုန်းမပါသော အသိများ ရရှိစေရန် ရည်ရွယ်ပြီး မျှမျှတတ ပြည့်ပြည့်စုံစုံ ဘက်စုံထောင့်စုံက ရေးသားတင်ပြအပ်ပါသည်။

**မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းကြပါစေ။**

**စာဖတ်သူများကို ချစ်ခင်လေးစားစွာဖြင့်**

**တင့်ဆွေ (ဖျာပုံ)**

**၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်**

***



စစ်ကြိုခေတ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တစ်ဦးဖြစ်သူ
အိုးဝေဦးညိုမြ



စစ်ကြိုခေတ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တစ်ဦးဖြစ်သူ
ကိုအုန်း (သံအမတ်ကြီး)



ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ ဖက်ဆစ်တော်လှန်ရေး
ခေါင်းဆောင်၊ ဆိုရှယ်လစ်ပါတီထူထောင်သူနှင့် ဖဆပလဝန်ကြီး
ဦးဗဆွေ (တားဝယ်)



ကျောင်းသား သမဂ္ဂခေါင်းဆောင်၊ ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင်
ဆိုရှယ်လစ်ပါတီထူထောင်သူနှင့် ဖဆပလဝန်ကြီး ဦးကျော်ငြိမ်း



ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်
မြန်မာ့တပ်မတော်၏အကြီးအကဲနှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်လက်ျာ



ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ ရဲဘော်သုံးကျိပ်ဝင်
မြန်မာ့တပ်မတော်တပ်မှူးကြီးနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ
စစ်ဦးစီးချုပ် ဗိုလ်ဇေယျ



ရဲဘော်သုံးကျိပ်ဝင် မြန်မာ့တပ်မတော် တပ်မှူးကြီးနှင့်
ဗမာပြည် ကွန်မြူနစ်ပါတီ တပ်မှူးကြီး ဗိုလ်ရဲထွန်း



ရဲဘော်သုံးကျိပ် အဖွဲ့ဝင် မြန်မာ့တပ်မတော် စစ်တိုင်းမှူးနှင့်
ဗမာပြည်ကွန်မြူနစ်ပါတီ စစ်ကော်မရှင်အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ဇော



BIA၊ BDA၊ PBF နှင့် မြန်မာ့တပ်မတော်
တပ်မှူးကြီး ဗိုလ်မှူးချုပ်မောင်မောင်



ကိုလိုနီခေတ် ဗမာ့သေနတ်ကိုင် တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး
လွတ်လပ်ပြီး မြန်မာနိုင်ငံတောင်ပိုင်းတိုင်း တိုင်းမှူး
ဗိုလ်မှူးချုပ်အောင်သင်း



ဒို့ဗမာအစည်းအရုံးသခင်၊ ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင်
မြန်မာ့တပ်မတော် တပ်မှူးကြီးနှင့် တော်လှန်ရေးကောင်စီ
ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်အောင်ကြီး



ဘယ် မှ ညာ – ဗိုလ်မှူး ကိုကိုကြီး (ငြိမ်း) (တပ်ခွဲမှူး) ၊ ဗိုလ်မှူးကြီး ချစ်မြိုင် (ငြိမ်း) (တပ်ရင်းမှူး)
ဗိုလ်မှူးကြီး မောင်ကျော် (ငြိမ်း) (တပ်ခွဲမှူး) ၊ ဗိုလ်မှူးကြီး ထင်ကျော် (ငြိမ်း) (တပ်ခွဲမှူး)
လွတ်လပ်ရေးပြီးစ မြန်မာ့တပ်မတော် တပ်မှူးများ



BIA၊ BDA နှင့် မြန်မာ့တပ်မတော် တပ်မှူးကြီး
ဗိုလ်မှူးကြီးတင်မောင် (မြတ်ထန်)



BDA ၊ PBF မြန်မာ့တပ်မတော်တပ်မှူးကြီးနှင့်
နိုင်ငံတော်သမ္မတကြီး (အငြိမ်းစား) ဗိုလ်ချုပ်ကြီးစန်းယု



မြန်မာ့တပ်မတော်တပ်မှူးကြီးနှင့် လမ်းစဉ်ပါတီ
အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးသောင်းကြည်



BDA တပ်မှူးနှင့် မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သူရတင်ဦး



BDA တပ်မှူး မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်
ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသူရကျော်ထင်



သနက (၄) မှ အရာရှိငယ်များ

ဗိုလ်ကြီးအောင်ကြီး၊ ဗိုလ်ကြီးမောင်မောင်၊ ဗိုလ်ကြီးတင်ဖေ၊ ဗိုလ်ဘစိန်၊ ဗိုလ်ကြီးကျော်ဝင်း၊ ဗိုလ်မြသောင်း



BDA နှင့် မြန်မာ့တပ်မတော်ပထမဆုံးတပ်မမှူး တိုင်းမှူးနှင့်
စာရေးသူ ဗိုလ်မှူးချုပ်တင့်ဆွေ (တင့်ဆွေ-ဖျာပုံ)

## နိဒါန်း

ကျွန်တော်သည် ဇရာဘဂကို လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ နေ့စဉ်တရားထိုင်ခြင်း၊ တရားနာခြင်း၊ မိမိနှင့် ဆက်နွယ်ပတ်သက်သူ ဆွေမျိုး ဉာတကာ တပည့်သားမြေးများအား စောင့်ရှောက်ကူညီခြင်းလုပ်ငန်းများ လုပ်ဆောင်၍ နေထိုင်နေပါသည်။ ထို့ပြင် ကျွန်တော်၏ ဘဝအတွေ့အကြုံများကို စာအုပ်များ ရေးသားထုတ်ဝေ၍ ယနေ့လူငယ်များသို့ ဝေမျှပေးနေခဲ့ပါသည်။

ယခုအခါတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ပြီဖြစ်သော ပြည်တွင်းစစ်နှင့် ပြည်တွင်းသောင်းကျန်းမှုများကို အပြီးတိုင် ငြိမ်းချမ်းအေးချမ်းစေရေးအတွက် ကြိုးပမ်းနေမှုကို နေ့စဉ်တွေ့မြင်နေရပါသည်။ ထို့ပြင် ပြည်ထောင်စု လွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း လွှတ်တော်ဘက်က ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကူညီကြိုးပမ်းနေသည်ကို တွေ့မြင်နေရပါသည်။

ကျွန်တော့်အနေဖြင့် သတင်းများ နားထောင်နေရင်းလည်းကောင်း၊ TV Channel များကလာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အသီးသီးနှင့် တွေ့ဆုံဆွေးနွေးကြသော သတင်းများကို ကြည့်ရှုနေရင်းလည်းကောင်း၊ သတင်းစာပါ သတင်းများကို ဖတ်ရှုနေရင်း လည်းကောင်း လေးလေးနက်နက် စဉ်းစားဆင်ခြင်မိသည်မှာ -

မြန်မာပြည်တွင် ယနေ့ကြုံတွေ့နေရသော ပြည်တွင်းသောင်းကျန်းမှု လက်နက်ကိုင် ဆူပူမှုများသည် -

- မည်သည့်အချိန်က
- မည်သည့်အကြောင်းကြောင့် စတင်ဖြစ်ပေါ်ခဲ့ရသလဲ
- ယခင်အစိုးရအဆက်ဆက်က ကြုံတွေ့ရသော ပဋိပက္ခကို

မဖြေရှင်းခဲ့ဘူးလား

- အစိုးရတိုင်း ကြိုးစားဖြေရှင်းခဲ့ပါလျက်နှင့် မည်သည့်အကြောင်းများကြောင့် ယနေ့ထိ နှစ်ပေါင်း ၆၀ ကျော်ကြာအောင် ငြိမ်းချမ်းရေး မရနိုင်ရတာ လဲ စသည်ဖြင့် ယနေ့ခေတ်လူငယ်များ သိချင်နေကြလိမ့်မည်ဟု တွေးမိပါသည်။

ခေတ်အဆက်ဆက်က နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတော်အစိုးရများ အာဏာရပါတီများ တို့သည်

- ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ကို ကောင်းစွာ သဘောပေါက်နားလည်ကြပါသည်။

- ထို့ကြောင့် လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှစ၍ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဦးစန်းယု၊ ဦးစိန်လွင်၊ ဒေါက်တာမောင်မောင်၊ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဦးသိန်းစိန် စသော နိုင်ငံ့အကြီးအကဲများနှင့် ဖဆပလ၊ လမ်းစဉ်ပါတီ၊ နဝတ၊ နအဖ စသော တာဝန်ရှိ ပါတီအဖွဲ့အစည်းများသည် ၎င်းတို့တာဝန်ယူရသော ကာလများတွင် တိုင်းပြည်မပြိုကွဲရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြပါသည်။

နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်များ အကြိမ်ကြိမ် ကြေညာခြင်း၊ စစ်ဆင်ရေးများ ဆင်နွှဲခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထိုအချက်များကို ယနေ့ ငြိမ်းချမ်းရေး လိုလားကြသော နိုင်ငံသားများအားလုံးကို ကျွန်တော် သိစေချင်ပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း ဂျပန်ခေတ် မြန်မာ့ကာကွယ်ရေးတပ်မတော် (Burma Defence Army) BDA သို့ ၁၉၄၃ ခုနှစ်၊ မတ်လ ၁ ရက်တွင် ဝင်ရောက်ခဲ့သည်မှ စစ်သည်ဘဝ စတင်ခဲ့သူ ဖြစ်ပါသည်။ ကန္နီစာချုပ်အရ

ပြန်လည်ဖွဲ့စည်းထားသော မြန်မာ့တပ်မတော်တွင် စစ်သည် (တပ်သား)အဆင့်ဖြင့် ၁၉၄၆ ခုနှစ် မတ်လ ၂၁ ရက်၌ ပြည်မြို့ သနက (၄)တွင် ဝင်ရောက်ခဲ့ရာ ယနေ့တပ်မတော် သန္ဓေတည်စမှ စတင်ပါဝင်ခဲ့သည်ဟု ပြောနိုင်ပါသည်။ တပ်မတော်တွင် တပ်သားအဆင့်မှ ဗိုလ်မှူးချုပ်အဆင့်ထိ ရာထူးတာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့ရာ တပ်မဟာ (၉) တပ်မဟာဗိုလ်မှူး၊ တပ်မ ၇၇ တပ်မမှူးနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဆင့် တာဝန်များအထိ ထမ်းဆောင်ခဲ့ပါသည်။ ထို့ကြောင့် ပြည်တွင်းသောင်းကျန်းမှု စစ်ဆင်ရေးတိုက်ပွဲများကို ကိုယ်တိုင်ပါဝင် ကြီးကြပ်ကွပ်ကဲခဲ့သူတစ်ဦးလည်း ဖြစ်ခဲ့ပါသည်။ ထိုစစ်ဆင်ရေးများကို မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ရပြီး တပ်မတော်နှင့် သောင်းကျန်းသူတို့အကြား ကြုံတွေ့ခဲ့ရသော အရှုံး/အမြတ်နှင့် ဝမ်းသာဝမ်းနည်းခဲ့ရသော ဖြစ်ရပ်များကိုလည်း အမှတ်ရနေမိပါသည်။

လမ်းစဉ်ပါတီ၏ CEC တစ်ယောက်အနေဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက တိုင်းရင်းသား လက်နက်ကိုင်များအပေါ် ထားရှိသော သဘောထားနှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ခဲ့မှုများ ကိုလည်း သိသင့်သလောက် သိရှိနေပါသည်။

ယနေ့ နိုင်ငံသားများအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အာသာငမ်းငမ်း လိုချင်နေမှုကို ကျွန်တော် ကိုယ်ချင်းစာ နားလည်ယုံကြည်ပါသည်။ ထို့ကြောင့် ပြည်တွင်းလက်နက်ကိုင် သောင်ကျန်းမှု ပေါ်ပေါက်လာပုံနှင့် ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းခဲ့ကြသည်များကို ကျွန်တော် ဖတ်ရှုထားသည့် အချက်အလက်များ၊ ကျွန်တော့်ကိုယ်တွေ့များနှင့် ပေါင်းစပ်ရေးသား တင်ပြလိုပါသည်။

ကျွန်တော်၏ ယခုရေးသားချက်သည် ကျွန်တော်တစ်ဦးတည်း၏ အတွေ့အကြုံ၊ အမြင်၊ ယူဆချက်သာ ဖြစ်ပါသည်။ ယနေ့ နိုင်ငံတော်အစိုးရနှင့်

ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေသူများ၊ အဖွဲ့အစည်းများကို ဖိအားတစ်စုံတစ်ရာ ပေးလိုခြင်း၊ ဆရာကြီးလုပ် လမ်းညွှန်လိုခြင်း လုံး၀ (လုံး၀) မရှိပါကြောင်း အနူးအညွတ် သိစေအပ်ပါသည်။ ကျွန်တော်၏ အတွေ့အကြုံများမှတစ်ဆင့် နိုင်ငံတော်အတွက် ကျေးဇူးတစ်စုံတစ်ရာ ပေးဆပ်နိုင်ပါက ဂုဏ်မြောက်ရမည် ဖြစ်ပါသည်။

စာဖတ်သူများ အလေးအနက် အသိပေးလိုသော အချက်မှာ-

ယခုကဲ့သို့ ပြည်တွင်းသောင်းကျန်းမှု နှစ် ၆၀ ကျော်ကြာအောင် ဖြစ်ပေါ်နေခြင်းမှာ -

- အကြောင်း တစ်ချက်နှစ်ချက်တည်းကြောင်းလည်း မဟုတ်

- ပါတီ တစ်ဖွဲ့နှစ်ဖွဲ့တည်းကြောင့်လည်း မဟုတ်

- တိုင်းရင်းသားလူမျိုးစု တစ်စုနှစ်စုကြောင့်လည်း မဟုတ်

- မြန်မာနိုင်ငံတစ်နိုင်ငံတည်းကြောင့် မဟုတ်

- ခေါင်းဆောင်တစ်ဦး၊ နှစ်ဦးကြောင့်လည်း မဟုတ်ကြောင်းကိုတော့ ကျွန်တော့်စာအုပ် ဖတ်အပြီးတွင် သုံးသပ်နိုင်ကြလိမ့်မည်ဟု ယူဆပါသည်။

- ပြည်တွင်းငြိမ်းချမ်းရေးအတွက် နိုင်ငံသားတိုင်း၊ တိုင်းရင်းသားတိုင်းက စိတ်ဝင်စား လေ့လာသိရှိဖို့တော့ လိုပါသည်။

- သို့ရာတွင် လူတိုင်းပါဝင်ပြီး တစ်ယောက်တစ်မျိုး၊ တစ်ပါတီတစ်မျိုး၊ လူမျိုးစုတစ်စုတစ်မျိုး၊ ကိုယ်ထင်ရာ၊ ကိုယ်သာရာ၊ လိုချင်ပြောချင်နေလို့တော့ မရနိုင်ပါ။ “အငိုလွယ်၍ အရှိုက်ခက်” သောကြောင့် နှစ် ၆၀ ကျော်ကြာနေခဲ့ခြင်းကိုတော့ သတိကြီးကြီးထား၍ ဆင်ခြင်ကြစေလိုပါကြောင်း နိဒါန်းအနေဖြင့် ရေးသားအပ်ပါသည်။

***

အခန်း (၁)

## အတိတ်

ကျွန်တော်သည် အသက် ၁၈ နှစ်အရွယ်တွင် ဂျပန်ခေတ် မြန်မာ့ကာကွယ်ရေးတပ်မတော် (BDA) သို့ တပ်သားအဆင့်ဖြင့် တပ်မတော်သားဘဝကို စတင်ခဲ့ပါသည်။ ထိုအချိန်မှာ ၁၉၄၃ ခုနှစ် မတ်လ ၁ ရက်နေ့ဖြစ်ပြီး ဂျပန်ခေတ်ကာလ ဖြစ်ပါသည်။ ထိုအချိန်မှစ၍ တပ်မတော်သားဘဝ ပထမပိုင်းကို စတင်ခဲ့ရာ ဂျပန်ခေတ် မင်္ဂလာဒုံဗိုလ်သင်တန်းအပတ်စဉ် ၂ တွင် တက်ရောက် အောင်မြင်ခဲ့ပါသည်။ ၁၉၄၄ ခုနှစ် မတ်လ ၃ ရက်တွင် ဂျပန်နိုင်ငံသို့ ထွက်ခွာ၍ ဂျပန်ဘုရင့် စစ်တက္ကသိုလ် သင်တန်းအပတ်စဉ် ၅၈ သို့ တက်ရောက်အောင်မြင်ခဲ့ပါသည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး ဖက်ဆစ် တော်လှန်ရေး BDA တပ်မတော်တစ်ခုလုံးကို အင်္ဂလိပ်များက ဖျက်သိမ်းလိုက်သောအခါ အရပ်သား ဘဝ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ဂျပန်ခေတ်စစ်မှုထမ်းကာလမှ ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်ထိ နှစ်နှစ်ခွဲခန့် ကြာမြင့်ခဲ့ပါသည်။ အချိန်ကာလမှာ ဒုတိယကမ္ဘာစစ်ကာလ ဖြစ်ပြီး သင်တန်းသားဘဝသာ ဖြစ်ခဲ့၍ တိုက်ပွဲတစ်စုံတစ်ရာ တွေ့ကြုံခဲ့ခြင်း မရှိခဲ့ပါ။

ကျွန်တော့်အနေဖြင့် အသက် ၂၀ နှစ်အရွယ် ဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော့်ဘဝအတွက် ဘာလုပ်ရမည်လဲကို စဉ်းစားဆင်ခြင်ရာ -

- ကျောင်းဆက်တက်မည်လား

- စီးပွားရေးပဲ လုပ်တော့မည်လား

- စစ်ထဲပဲ ပြန်ဝင်မည်လား စသည်ဖြင့် လမ်းသုံးသွယ်ကို တွေ့ပါသည်။ ကျွန်တော့်အနေဖြင့် စစ်မှုထမ်းရန်သာ အားသန်သောကြောင့် မြန်မာ့တပ်မတော်ကို ကန္ဒီစာချုပ်အရ ပြန်လည် ဖွဲ့စည်းရာတွင် ဗိုလ်ရွေးအဖွဲ့ OTT သို့ သွားရောက်အရွေးခံပါသည်။ ကျွန်တော်သည် ထိုအချိန်က အလွန်ပိန်နေသဖြင့် (Under Weight) ဖြင့် အရွေးခံရခြင်း မရှိခဲ့ပါ။ ယခင် အင်္ဂလိပ်ခေတ်က စစ်ဗိုလ်များ၊ ရဲဘော်သုံးကျိပ်ဝင်များ၊ ကျွန်တော်တို့ ဂျပန်ဘုရင့်စစ်တက္ကသိုလ်ဆင်း စစ်ဗိုလ်များနှင့် ခေတ်ပညာတတ်လူငယ်များ အရာရှိအဖြစ် ရွေးချယ်ခံခဲ့ရပါသည်။

ကျွန်တော့်အနေဖြင့် တပ်မတော်က ဗိုလ် (အရာရှိ)အဖြစ် အရွေးမခံရသောအခါ ဘာဆက်လုပ်ရမည်ကို စဉ်းစားမရဘဲ ယောင်လည်လည် ဖြစ်သွားခဲ့ပါသည်။ ထို့နောက် အကြံရသဖြင့် ဗိုလ်ချုပ်အောင်ဆန်းရှိရာ တာဝါလိမ်းလမ်း နေအိမ်သို့ ၁၉၄၆ ခုနှစ် မတ်လဆန်းတွင် သွားရောက် တွေ့ဆုံရာ ကောင်းမွန်စွာ လက်ခံတွေ့ဆုံပါသည်။ ထိုအချိန်တွင် ဗိုလ်ချုပ် အောင်ဆန်းသည် အင်္ဂလိပ်အစိုးရက ကမ်းလှမ်းသော ဗိုလ်ချုပ်အဆင့်ဖြင့် မြန်မာ့တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ရာထူးကို လက်မခံဘဲ ဖဆပလအဖွဲ့ချုပ်၏ ဥက္ကဋ္ဌတာဝန်ကို ယူပြီး နိုင်ငံရေးပြုလုပ်နေသောအချိန် ဖြစ်ပါသည်။ ဗိုလ်ချုပ်က ကျွန်တော့်ကို ပြည်သူ့ရဲဘော်အဖွဲ့သို့ ဝင်ရန် လမ်းညွှန်ပါသည်။ ကျွန်တော် ဘာမှ ပြန်မပြောဘဲ အသာပင် ပြန်ခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် ပါတီအသင်းအဖွဲ့တစ်ခု၏ အဖွဲ့ဝင်ထက် အစိုးရအမှုထမ်းဘဝကိုသာ နှစ်သက်သောကြောင့် တပ်မတော်သို့ ရသည့်အဆင့်ဖြင့်ပင် ဝင်ရောက်အမှုထမ်းရန် ယတိပြတ် ဆုံးဖြတ်လိုက်ပါသည်။

တပ်မတော်ထဲ ရသည့်အဆင့်ဖြင့်ပင် ဝင်မည်ဟု ဆုံးဖြတ်ပြီးသောအခါ ဘယ်တပ်သွားဝင်မလဲ ထပ်ပြီး စဉ်းစားရပါသည်။ ထိုအချိန်က မြန်မာ့တပ်မတော်တွင်ရှိသော တပ်အင်အားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) အမှတ်(၁) ဘားမားရိုင်ဖယ် (အင်္ဂလိပ်တပ်မှ လာသည်) (၂)

အမှတ်(၂) ဘားမားရိုင်ဖယ် (ကရင်အများစုနှင့် အခြားလူမျိုးစုများ) (၃) အမှတ်(၃) ဘားမားရိုင်ဖယ် (မျိုးချစ်ဗမာ့တပ်မတော် ဘီအိုင်ဘော၊ ဘီဒီအေမှ လာသည်) (၄) အမှတ်(၄) ဘားမားရိုင်ဖယ် (မျိုးချစ်ဗမာ့တပ်မတော် ဘီအိုင်အေ၊ ဘီစီအေမှ လာသည်) (၅) အမှတ်(၅) ဘားမားရိုင်ဖယ် (မျိုးချစ်ဗမာ့တပ်မတော် ဘီအိုင်အေ၊ ဘီဒီအေးမှ လာသည်) (၆) အမှတ်(၁) ကရင်ရိုင်ဖယ် (အင်္ဂလိပ်တပ်မှ လာသည်) (၇) အမှတ်(၂) ကရင်ရိုင်ဖယ် (အင်္ဂလိပ်တပ်မှ လာသည်) (၈) အမှတ်(၃) ကရင်ရိုင်ဖယ် (အင်္ဂလိပ်တပ်မှ လာသည်) (၉) အမှတ်(၁) ကချင်ရိုင်ဖယ် (အင်္ဂလိပ်တပ်မှ လာသည်) (၁၀) အမှတ်(၂) ကချင်ရိုင်ဖယ် (အင်္ဂလိပ်တပ်မှ လာသည်) (၁၁) အမှတ်(၁) ချင်းရိုင်ဖယ် (အင်္ဂလိပ်တပ်မှ လာသည်) (၁၂) အမှတ်(၂) ချင်းရိုင်ဖယ် (အင်္ဂလိပ်တပ်မှ လာသည်) (၁၃) အမှတ်(၄) ဘားမားရယ်ဂျီမင့်ဂေါ်ရခါး (အင်္ဂလိပ်တပ်မှ လာသည်) (၁၄) အမှတ်(၁) တပ်မ၊ အမြောက်တပ်၊ အင်ဂျင်နီယာတပ်၊ ဆက်သွယ်ရေး၊ ဆေး၊ ရေတပ်၊ လေတပ် (အင်္ဂလိပ်တပ်မှ လာသည်) သနက ၃/၄/၅ တပ်ရင်းသုံးရင်းကို စတင်ဖွင့်လှစ်ခဲ့ရာ တပ်ရင်းမှူးများမှာ အင်္ဂလိပ်စစ်တပ်က ဒုဗိုလ်မှူးကြီးများ ဖြစ်ပြီး ၎င်းတို့နှင့်တွဲပြီး မြန်မာများထဲမှ ဗိုလ်ရဲထွဋ်၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ဇေယျ စသော ပုဂ္ဂိုလ်များက ဒုတပ်ရင်းမှူး (ဗိုလ်မှူး) အဆင့်ဖြင့် ဖွဲ့စည်းတည်ထောင်နေချိန် ဖြစ်ပါသည်။ ထိုအချိန်ကတည်းက ကွန်မြူနစ်အယူဝါဒမှာ မြန်မာ့တပ်မတော်အပါအဝင် အဖွဲ့အစည်း အသီးသီး၊ အသင်းအဖွဲ့နှင့် လူတန်းစားအသီးသီးတို့တွင် တွင်ကျယ်စွာ ပျံ့နှံ့နေခဲ့ရာ ဗိုလ်ရဲထွဋ်၊ ဗိုလ်ဇေယျ စသူတို့သည် ကွန်မြူနစ်အယူဝါဒ သက်ဝင်သူများအဖြစ် ကျွန်တော်တို့ နားလည်ထားခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် မင်္ဂလာဒုံ ဗိုလ်သင်တန်း အပတ်စဉ် (၂) တက်ရောက်စဉ် ၁၉၄၃ ခုနှစ် ဝန်းကျင် ကတည်းက ဗိုလ်သင်တန်းကျောင်း သင်တန်းသားများအကြားတွင် ကွန်မြူနစ် သဘောတရားများ ပျံ့နှံ့ပြီး တိုးတိုးကြိတ်ကြိတ် စည်းရုံးဆွေးနွေးနေကြသည်ကို မြင်တွေ့ကြားသိခဲ့ပြီး ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် နားလည်း နားမလည်ခဲ့ပါ။ စိတ်ဝင်စားမှုလည်း မရှိသဖြင့် ထိုသူတို့နှင့် ကင်းကင်းသာ နေခဲ့ပါသည်။ ကွန်မြူနစ်ဝါဒကိုလည်း

ရုပ်ဝါဒ၊ ကြမ်းတမ်းသော အယူဝါဒ၊ မိရိုးဖလာ ဗုဒ္ဓဘာသာနှင့် မအပ်စပ်သော ဝါဒအဖြစ် အကြမ်းအားဖြင့် သတ်မှတ်ထားခဲ့ပါသည်။ ထို့ကြောင့် တပ်မတော်သို့ ဝင်ရောက်ရန် စဉ်းစားသောအခါ ကွန်မြူနစ်မဟုတ်သော ဒုဗိုလ်ချုပ်ကြီး နေဝင်း၏ သနက (၄) ရှိရာ ပြည်မြို့သို့ သွားရောက်သတင်းပို့ခဲ့ပါသည်။ ထိုနေ့မှာ

၁၉၄၆ ခုနှစ် မတ်လ ၂၁ ရက်နေ့ ဖြစ်ပါသည်။

ထိုခေတ်က လူငယ်အများစုသည် ကိုယ်ယုံကြည်ရာ၊ ကိုယ်သိကျွမ်းရာ၊ ကိုယ်ရှိသေခင်မင်ရာကို ရွေးချယ်ပြီး သနက ၃/၄/၅ သို့ ဝင်ရောက်ခဲ့ရာ ကျွန်တော်တို့ သနက (၄)တွင်

ကိုကျော်ထင် (ဗိုလ်ချုပ်ကြီး သူရကျော်ထင်)

ကိုစိန်လွင် (နိုင်ငံတော်သမ္မတ)

ကိုထွန်းတင် (သူရဦးထွန်းတင်) နိုင်ငံတော်ဝန်ကြီးချုပ်

ကိုလှဘုန်း (ဗိုလ်မှူးကြီးလှဘုန်း)

စသူတို့နှင့် တွေ့ဆုံခဲ့ပါသည်။

ကျွန်တော်၏ စစ်မှုထမ်းသက် ဒုတိယပိုင်းမှာ ထိုကဲ့သို့ ၁၉၄၆ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် သနက (၄) ပြည်မြို့တွင် တပ်သားအဆင့်ဖြင့် စတင်ခဲ့ပါသည်။ အသက် ၂၁ နှစ်အရွယ် ဖြစ်ပါသည်။ ထိုနေ့ ထိုကာလမှ စစ်မှုထမ်းခဲ့ရာ ၁၉၈၀ ပြည့်နှစ်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးတာဝန် ထမ်းဆောင်နေစဉ် ဗိုလ်မှူးချုပ်အဆင့်ဖြင့် အငြိမ်းစားယူခဲ့သည့်ကာလအထိ ၃၄ နှစ် ကြာမြင့် ခဲ့ပါသည်။ ပင်စင်ယူစဉ်က ကျွန်တော့်အသက်မှာ ၅၅ နှစ် ဖြစ်ပါသည်။

ကျွန်တော်၏ စစ်သက်တမ်းတစ်လျှောက်တွင် တပ်မတော်ထဲ စတင်ဝင်ရောက်သည့် ၁၉၄၆ ခုနှစ်မှ စတင်၍ ပြည်တွင်းသောင်းကျန်းသူမျိုးစုံနှင့် တိုက်ခိုက်ခဲ့ရာ တိုင်းမှူးဘ၀ ၁၉၇၄ ခုနှစ်အထိ ဖြစ်ပါသည်။ နိုင်ငံခြားတပ်အနေဖြင့်

၁၉၅၃-၅၄ ခုနှစ်များတွင် ကြုံတွေ့ရသော တရုတ်ဖြူတပ်နှင့်သာ တစ်ကြိမ်ပဲ တိုက်ခိုက်ခဲ့ဖူးပါသည်။ ကျွန်တော်တို့ နှစ် ၃၀ ကျော် တိုက်ခိုက်ခဲ့သော်လည်း သောင်းကျန်းသူများ အမြစ်ပြတ်သွားပြီး ငြိမ်းချမ်းသွားသလား ဆိုတော့လည်း မငြိမ်းချမ်းခဲ့ဘဲ ယနေ့ခေတ် ကျွန်တော်တို့သားမြေးများ ခေတ်အထိ တိုက်ခိုက်နေရတာ ကို တွေ့မြင်နေရပါသည်။

ကျွန်တော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာ ဒုတိယကမ္ဘာစစ် ဂျပန်ခေတ်တွင် စစ်သားဘဝ စတင်ခဲ့သော်လည်း ကျွန်တော်၏ ပထမဆုံးတိုက်ပွဲမှာ သနက (၄)ဖြင့် ပျဉ်းမနား၊ လယ်ဝေး၊ သာဝတ္တိ၊ တောင်ညို၊ ကြပ်ပြေးတစ်ဝိုက်တွင် ကွန်မြူနစ်များနှင့် တိုက်ခဲ့သော ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးတိုက်ပွဲဖြင့် စတင်ခဲ့ပြီး ၁၉၄၇ ခုနှစ်ကာလ ဖြစ်ပါသည်။ စစ်ပွဲဟူသမျှသည် အသက်နှင့် ရင်း၍ စွန့်စားပြုလုပ်ရသော လုပ်ငန်းစဉ်ဖြစ်ရာ ယှဉ်ပြိုင်ကြသော နှစ်ဖက်အဖွဲ့အစည်း အားလုံးသည် စစ်ပွဲအနိုင်ရရေးဟူသော ရည်မှန်းချက်တစ်ခုတည်းအတွက် နည်းမျိုးစုံကို အသုံးပြုကြစမြဲ ဖြစ်ပါသည်။ ထို့ကြောင့် တိုက်ပွဲဆင်နွှဲနေကြသော အချိန်တိုင်းတွင် စွန့်စားမှု၊ လှည့်ဖြားမှု၊ အယောင်ဆောင် မြှူဆွယ်မှု၊ အယုံသွင်းမှု စသည့် ပရိယာယ်၊ ဗျူဟာမျိုးစုံကို အသုံးပြုကြစမြဲပင် ဖြစ်ခဲ့ပါသည်။

- စစ်၏ အောင်မြင်မှုအရသာ

- ရှုံးနိမ့်မှု၏ ဝမ်းနည်းဖွယ်ခံစားချက်

- အသက်ဆုံးရှုံးရသူနှင့် ၎င်း၏ မိသားစုတို့၏ ဝမ်းနည်းမျက်ရည်များ

- ဒဏ်ရာအနာတရ ရသူများ၏ နာကြင်ခံစားမှုများ

- အသက်အိုးအိမ် စည်းစိမ်ပျက်စီးရသူ ကြားလူများဖြစ်သည့် ဒေသခံပြည်သူများ၏ ဝမ်းနည်းပူဆွေးမှုများ စသည်တို့ကို စစ်ပွဲတိုင်းတွင် ကျွန်တော် မြင်တွေ့ခံစားရပါသည်။ ခံစားရတိုင်းကလည်း စိတ်မကောင်း ဖြစ်ရပါသည်။ ဘာနိုင်ငံရေးကိုမှ နားမလည်ဘဲ၊ အမိန့်နှင့် တာဝန်အတွက် အသက်စွန့်ရသူ၊

ကိုယ်လက်အင်္ဂါ စွန့်ရသူစစ်သည်များကို ကြုံတွေ့ရတိုင်း ကျွန်တော် စိတ်မကောင်း ဖြစ်ရပါသည်။ ဘာကြောင့်များ တို့တစ်တွေ ညီအစ်ကို အချင်းချင်း စစ်တိုက်နေရတာလဲ၊ ရှောင်လွှဲလို့ မရတော့ဘူးလား။ ရပ်တန့်အောင် လုပ်လို့မရတော့ဘူးလား နိုင်ငံ့ခေါင်းဆောင်နဲ့ နိုင်ငံရေးပါတီတွေ အစိုးရတွေကရော ခေတ်အဆက်ဆက် မကြိုးစားခဲ့ဘူးလား။ ကြိုးစားခဲ့ရင် ဘာအကြောင်းတွေကြောင့် မရကြတာလဲ စသည်ဖြင့် တွေးတောစဉ်းစားပြီး ကျွန်တော်သည် လက်လှမ်းမီသမျှကိုလည်း နှစ်ပေါင်းများစွာ လေ့လာဖတ်ရှုခဲ့ပါသည်။ တတ်နိုင်သော၊ လုပ်နိုင်သော လုပ်ငန်းများကိုလည်း လုပ်နိုင်သောနေရာတွင် ကိုယ်စွမ်းသမျှ လုပ်ဆောင်ခဲ့ပါသည်။

ယခုအခါတွင်တော့ တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားလုပ်သားပြည်သူများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် မဖြစ်မနေ လိုအပ်နေပြီဟု သဘောပေါက်ကြိုးစား လုပ်ကိုင်နေကြသည်ကို မီဒီယာမျိုးစုံကတစ်ဆင့် ကျွန်တော် သိရှိရပါသည်။ ထို့ကြောင့် ကျွန်တော်၏ အတွေ့အကြုံများ၊ လုပ်ဆောင်ချက်များနှင့် သုံးသပ်ချက်များကို ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းရေးအတွက် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်ရန် ရေးသားရပါသည်။

***